အစည်းအဝေးမှတ်တမ်း (၂၁. ၀၇. ၂၀၁၇)

| အစည်းအဝေးအစီအစဉ် | | | | |
|---|---|---|---|---|
| စီမံကိန်း | ရွှေတောင်ဘိလပ်မြေစက်ရုံ နှင့် ၄င်း၏ ဆက်စပ်လုပ်ငန်းများအတွက် ESIA ဖြည့်စွက်ချက်။ | | | |
| အစည်းအဝေးနေရာ | သာစည်မြို့နယ် GAD<br>(အထွေထွေအုပ်ချုပ်ရေးမှူးရုံး )<br>အစည်းအဝေးခန်းမ | | မြို့နယ်/ပြည်နယ် | မန္တလေးတိုင်းဒေသကြီး |
| | မြို့နယ် | သာစည် | ကျေးရွာ | - |
| ရည်ရွယ်ချက်များ | မြို့နယ်အဆင့်အစည်းအဝေး<br>၁။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ ဘိလပ်မြေစက်ရုံတိုးချဲ့ခြင်းနှင့် ၄င်း၏ ဆက်စပ်လုပ်ငန်းများဆိုင်ရာစီမံကိန်း သတင်းအချက်အလက်များမျှဝေရန်။<br>၂။ ESIA ဖြည့်စွက်ချက် မူကြမ်းနှင့် ဆက်စပ်၍ တွေ့ရှိချက်များအားတင်ပြခြင်း။<br>၃။ စီမံကိန်းနှင့်ဆက်စပ်၍ ထိခိုက်သက်ရောက်မှုရှိသူများ နှင့် စိတ်ပါဝင်စားသူများ၏ ထင်မြင်ယူဆချက်များအား ESIA ဖြည့်စွက်ချက် အစီရင်ခံစာတွင်ထည့်သွင်းနိုင်ရန်။။ | | | |
| ရက်စွဲ | ၂၁-၀၇-၂၀၁၇ (သောကြာနေ့) | | | |
| အချိန် | မနက် (၉) နာရီ မှ မနက် (၁၁) နာရီ | | | |
| တက်ရောက်သူများ | ၁။ ဦးကျော်နိုင်စိုး, DMD, STC<br>၂။ ဒေါ်နန်းမော်မော်အေး, AD, STC<br>၃။ ဦးဇေလွှမ်း , SE, STC<br>၄။ ဦးရဲမြင့်, SE, STC<br>၅။ ဦးသိန်းမြင့်ဝင်း, Senior Manager, STC<br>၆။ ဦးအောင်ခိုင်ညီ, EE,STG<br>၇။ ဦးသိန်းဌေး , EE,STC<br>၈။ ဦးစန်းမြိုင်, Manager, STC<br>၉။ ဦးကျော်သီဟ, HSE Manager, STC<br>၁၀။ဦးဇော်တင့်, Production Manager, STC<br>၁၁။ဦးကျော်ဝင်းသန့်, Assistant Manager, STC<br>၁၂။ဒေါ်နီနီအောင် Staff-2,STC<br>၁၃။ဒေါ်မြတ်မွန်ဆွေ, Senior Consultant, ERM<br>အစိုးရတာဝန်ရှိသူများ (၃၂)<br>CSO/NGO တာဝန်ရှိသူများ (၃)<br>နိုင်ငံရေးပါတီကိုယ်စားလှယ်များ (၁)<br>ပြည်သူများ (၁၁)<br>စုစုပေါင်းတက်ရောက်သူ = ၆၀ ယောက် | | | |

| | |
|---|---|
| အစီအစဉ် | ၁။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီကိုယ်စားဦးကျော်နိုင်စိုးမှ စီမံကိန်းအသေးစိတ်ကို တင်ပြခြင်း။ မနက် (၉) နာရီ မှ (၉း၃၀)နာရီ<br>၂။ ERM ကိုယ်စား ဒေါ်မြတ်မွန်ဆွေမှပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှု ဆန်းစစ်ချက်များကို တင်ပြခြင်း။ မနက် (၉း၃၀) နာရီ မှ (၉း၅၀)နာရီ<br>၃။ အမေးအဖြေကဏ္ဍ။ (အောက်ပါအသေးစိတ်ဆွေးနွေးမှုမှတ်တမ်းများကိုကြည့်ပါ) မနက် (၉း၅၀) နာရီ မှ (၁၁)နာရီ |

**ဆွေးနွေးချက်များ**

**မေးခွန်း (၁) - သာစည်ရပ်ရွာခေါင်းဆောင်**

၁။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ CSR ဆောင်ရွက်ချက်များနှင့် ရပ်ရွာ၏လုံခြုံရေးအတွက် စဉ်းစားပေးမှုများအတွက် ကျေးဇူးတင်ရှိခြင်း။

၂။ မိုင်းအတွက်ဖောက်ခွဲရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ လူထုအပေါ် အသံနှင့်တုန်ခါမှုထိရောက်မှုများဆိုင်ရာ မေးခွန်းမေးမြန်းခြင်း။

၃။ စီမံကိန်းဆောင်ရွက်ချက်များနှင့်အစည်းအဝေးရည်ရွယ်ချက်များကို မြန်မာဘာသာနှင့်ဖြန့်ဝေပေးရန်အကြံပြုခြင်း။

**အဖြေ (၁) - ဦးဇေလွမ်း (STC)**

၁။ ကျေးဇူးတင်မှုများနှင့်အကြံပြုချက်များကိုမှတ်တမ်းပြုအပ်ပါတယ်။

၂။ စိုးရိမ်မှုများနှင့်ပတ်သက်ပြီး၊ ဖောက်ခွဲမှုများကို စစ်တပ်ဌာနတွင် မှတ်ပုံတင်ရပြီး လုံခြုံရေးလိုအပ်ချက်များကို အသေးစိတ် လိုက်နာဆောင်ရွက်ရပါသည်။ ဖောက်ခွဲရေးပစ္စည်းများကိုသယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ သိမ်းဆည်းရာတွင်လည်းကောင်း၊ ကာကွယ်ရေးဦးစီးဌာန၏ လုံခြုံရေးလိုအပ်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ခဲ့ပါသည်။ ဖောက်ခွဲရေး ပစ္စည်းသိမ်းဆည်းရာနေရာအားလုံခြုံရေး ၂၄ နာရီ ချမှတ်ထားပြီး ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ စီမံဌာနနှင့်မိုင်းဌာနများမှ အဓိကသော့များကို စီစစ်သိမ်းဆည်းထားပါသည်။ ပစ္စည်းအဝင်အထွက်စာရင်းများကိုလည်း စနစ်တကျ မှတ်သားထားပြီး ပစ္စည်းကိုင်တွယ်မှုအဆင့်ဆင့်ကိုလည်း တင်းကျပ်စွာ ဆောင်ရွက်ပါသည်။

၃။ မိုင်းမှတုန်ခါမှုကိုခေတ်မှီနည်းပညာများနှင့် စနစ်တကျထိန်းသိမ်းထားသောကြောင့် လူထုကို အသံနှင့်တုန်ခါမှု အရထိခိုက်မှုမရှိပါ။

**မေးခွန်း (၂) ဦးကိုဦး - အဖြူရောင်အဖွဲ့**

၁။ အလုပ်ရှင်နှင့်ဝန်ထမ်းများကြား ပဋိပက္ခများမဖြစ်ပွားစေရန် ဝန်ထမ်းများနှင့်ကန်ထရိုက်များအား အလုပ်သမားဥပဒေကို သေချာစွာရှင်းပြရန် အကြံပြုပါသည်။

**အဖြေ (၂) - ဦးကျော်နိုင်စိုး (STC)**

၁။ အကြံပြုချက်ကိုမှတ်သားထားပါမည်။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ ဝန်ထမ်းအားလုံးကို ရှင်းပြထားပါသည်။

**မေးခွန်း (၃) - သာစည်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့**

၁။ ပတ်ဝန်းကျင်စောင့်ကြည့်ရေးကိစ္စများကို ဆောင်ရွက်ရန်လိုအပ်ပြီး အစိုးရမှ အသိအမှတ်ပြုသော တတိယအဖွဲ့ (သို့မဟုတ်) အစိုးရဌာနများမှ ဆောင်ရွက်သင့်ပါသည်။

၂။ အမြတ်ငွေ၏ ရာခိုင်နှုန်းမည်မျှကို CSR အဖြစ်အသုံးပြုသနည်း။

**အဖြေ (၃) - ဦးကျော်နိုင်စိုး (STC)**

၁။ ပတ်ဝန်းကျင်စောင့်ကြည့်မှုစစ်တမ်းများကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန မှ ဖေဖော်ဝါရီ ၂၀၁၇ နှင့် ဇွန် ၂၀၁၇ တွင် လာရောက်စာရင်းကောက်ယူခဲ့ပါသည်။

၂။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီအနေဖြင့် ဖုန်မှုန့်တိုင်းတာရေးကိရိယာများကို စက်ရုံ နှင့် အနီးအနားရွာ ၂ ရွာတွင် ဇန်နဝါရီ ၂၀၁၇ မှ စတင်တပ်ဆင်ထားပြီး စက်ရုံလည်ပတ်စဉ်အတွင်း ဆက်လက်ထားရှိသွားမည်ဖြစ်သည်။

၃။ စောင့်ကြည့်မှုကိစ္စများကို ဖြည့်စွက် ESIA အကြံပြုချက်များအတိုင်းဆောင်ရွက်ပါသည်။

၄။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ အနေဖြင့် CSR လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

**မေးခွန်း (၄) - သာစည်ရပ်ရွာခေါင်းဆောင်**

၁။ ပြည်ညောင် နှင့် ကူပြင်ကျေးရွာများတွင် ယခင်က ငှက်ဖျားရောဂါများ ဖြစ်ပွားခဲ့ပါသည်။ ယခု ရွှေတောင်ဘိလပ်မြေကုမ္ပဏီအနေဖြင့် ၎င်းကျေးရွာများတွင် ငှက်ဖျားရောဂါမဖြစ်ရန် မည်သို့ဆောင်ရွက်ထားသနည်း။

၂။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီအနေဖြင့် ပြည်ညောင်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် နှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရန် လမ်းများကို အဆင့်မြှင့်တင်ပေးထားသည်ဟု သိရှိရပါသည်။ သာစည်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရန် ဘာသာရေး နှင့် လူမှုရေးဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် စက်ရုံမှဘိလပ်မြေများကို ဈေးသက်သာစွာရရှိရန် တိုက်ရိုက် ရောင်းချပေးနိုင်ပါသလား။

**အဖြေ (၄) - ဦးကျော်နိုင်စိုး (STC)**

၁။ စက်ရုံမှဘိလပ်မြေများတိုက်ရိုက်ဝယ်ယူခြင်းသည် ဈေးနှုန်းသက်သာနိုင်ရန် အကောင်းဆုံးနည်းလမ်းမဟုတ်ပါ။ သို့သော် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးတိုင်ပင်ပြီး သာစည်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိလပ်မြေလှူဒါန်းရန်စဉ်းစားသွားမည်ဖြစ်ပါသည်။

၂။ ဆေးခန်းတွင် ဝန်ထမ်းများအတွက် ငှက်ဖျားရောဂါ စစ်ဆေးသည့်ပစ္စည်းများနှင့် ကာကွယ်နိုင်သည့်ဆေးများထားရှိပါသည်။ ပြည်ညောင်နှင့် ကူပြင်ကျေးရွာများသို့ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ဆရာဝန်မှ နှစ်ပတ်လျှင်တစ်ကြိမ် ငှက်ဖျားရောဂါ ကာကွယ်ကုသပေးနိုင်ရန်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

**အဖြေ (၄) - ဦးဇေလွှမ်း (STC)**

၃။ သာစည်ကျန်းမာရေးဌာန၏ ငှက်ဖျားတိုက်ဖျက်မှုအစီအစဉ်များကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှု ရှားပါးပါသည်။ ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှလည်း ရပ်ရွာများတွင် ငှက်ဖျားရောဂါစစ်ဆေးမှုအစီအစဉ်များကို ဆောင်ရွက်မည်ဖြစ်သည်။

**မေးခွန်း (၅) - ဒေါ်မင်းမင်းနိုင် (အဖြူရောင်အဖွဲ့)**

၁။ ဘီလပ်မြေစက်ရုံတိုးချဲ့မှုလုပ်ငန်းအတွက် အစားထိုးသစ်ပင်ပြန်လည်စိုက်ပျိုးမှုအစီအစဉ်ရှိပါသလား။

၂။ စက်ရုံတွင် ကျောက်မီးသွေးသုံးစွဲမှုများကြောင့် သာစည်မြို့နယ်တွင် ကလေးသူငယ်သေဆုံးမှုနှုန်း မြင့်တက်လာသည်ဟု ကြားသိရပါသည်။

**အဖြေ (၅) - ဦးကျော်နိုင်စိုး (STC)**

၁။ ဘီလပ်မြေစက်ရုံတိုးချဲ့မှုလုပ်ငန်းအတွက် အစားထိုးသစ်ပင်ပြန်လည်စိုက်ပျိုးမှုအစီအစဉ်ရှိပါသည်။ သစ်ပင်စိုက်ပျိုးမှုအစီအစဉ်တွင် ထုံးကျောက်တောင် (၆၀၀) ဧက အတွက် ဂျာမန်အကေးရှားအပင်များကို အနည်းဆုံး (၁၂၀) ဧက စိုက်ပျိုးမည် ဖြစ်ပါသည်။

၂။ ကလေးသူငယ်သေဆုံးမှုစာရင်းကိစ္စကို ရွှေတောင်ဘီလပ်မြေကုမ္ပဏီ၏ဆရာဝန်၊ မြို့နယ်ကျန်းမာရေးဌာန အစရှိတို့နှင့်ဆွေးနွေးတိုင်ပင်ပြီး ပြန်လည်ပြောကြားပေးပါမည်။

**မေးခွန်း (၆) - NLD Member**

၁။ ဘီလပ်မြေစက်ရုံတိုးချဲ့မှုကို မြေယာနှင့်သီးနှံမြေပိုင်ဆိုင်မှုအရှုပ်အထွေးများမရှိစေရန် ပြည်သူလူထုနေထိုင်ရာနှင့် ဝေးရာအရပ်တွင် ဆောင်ရွက်သင့်သည်။

**အဖြေ (၆) - ဦးကျော်နိုင်စိုး (STC)**

၁။ တိုးချဲ့စက်ရုံသည် လက်ရှိစက်ရုံမြေနေရာအတွင်းသာ တည်ရှိပြီး ဧက ၂၀ သာ ကျယ်ဝန်းမည်ဖြစ်သည်။ ထို့ကြောင့် မြေယာထပ်မံ လိုအပ်ခြင်းရှိမည် မဟုတ်ပါ။ ဒုတိယဓါတ်အားပေးလိုင်းအား ရေပေါင်းဆုံမှ ပြည်ညောင်သို့ ပထမဓါတ်အားပေးလိုင်းတလျှောက် (သို့မဟုတ်)ဘေး မီတာ (၁၀၀) မှ မီတာ (၂၀၀) အကွာတွင် သွယ်တန်းမည် ဖြစ်သည်။ ဒုတိယဓါတ်အားလိုင်းကြောင့် ထိခိုက်မှုရှိနိုင်သည့် မြေယာသုံးစွဲနေသူများအား ရွှေတောင်ဘီလပ်မြေကုမ္ပဏီအခြေစိုက်ရုံး တွင် ယနေ့ ညနေပိုင်း ၂ နာရီတွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ပြီးဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တည်ဆောက်ခဲ့သော စက်ရုံအဝင်လမ်း အတွက် ရွာသား ၁၄ ဦး အား နစ်နာကြေးပေးချေခဲ့ပြီးသော်လည်း ယခု တလောမှ ရွာသား ၁ ဦးမှ ၄င်းမှာ နစ်နာကြေး မရရှိသေးကြောင်း ပြောကြားလာသောကြောင့် နစ်နာကြေးပေးရန် စီစဉ်လျက်ရှိပါသည်။ ပထမဓါတ်အားလိုင်း တည်ဆောက်ခြင်းအတွက် အိမ်ခြံမြေ ၄ အိမ် အား နစ်နာကြေး ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုအတွက် ရပ်ရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ရွှေတောင်ဘီလပ်မြေ ကုမ္ပဏီမှ တာဝန်ရှိသူ၊ CSO နှင့် ရွာသားများပါဝင်သောအဖွဲ့ ဖွဲ့ကာ တိုင်ကြားခြင်း နှင့် သက်ဆိုင်သော အစီအစဉ် များကို လုပ်ဆောင်သွားမည် ဖြစ်သည်။ ပြည်ညောင်ကျေးရွာတွင် စာကြည့်တိုက်ကဲ့သို့ အချက်အလက်ဗဟိုဌာနကို တည်ထောင်သွားမည်ဖြစ်ပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်းနှင့် ရွာသားများထံမှ မကျေနပ်မှုဆိုင်ရာ တိုင်ကြားချက်များကို တိုက်ရိုက်လက်ခံခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

**အဖြေ (၆) - ဦးစန်းမြိုင် (STC)**

IFC ၏ အရည်အသွေးစံချိန်စံညွှန်း (၈) ချက်ပါရှိပါသည်။ အစိုးရ၏ ဥပဒေ နှင့် IFC ၏ အရည်အသွေး စံချိန်စံ ညွှန်းများအတိုင်း လိုက်နာပြီး မြေနှင့်သီးနှံမြေယာများအတွက် နစ်နာကြေးပြန်လည်ပေးအပ်ခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူထုအသိပေးခြင်း နှင့် လူထုလုံခြုံရေးကိစ္စများကိုလည်း တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

**မေးခွန်း (၇) - သာစည်မြို့နယ်ရွေးကောက်ရေးကော်မတီ**

၁။ ရွှေတောင်အား သာစည်မြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသားများအား ဂုဏ်ပြု ချီးမြှင့်ခြင်း နှင့် ပညာရေးနယ်ပယ်တွင် လှူဒါန်းခြင်းကို ပြုလုပ်ပေးရန် ရွှေတောင်ကို တောင်းဆိုပါသည်။

**အဖြေ (၇) - ဦးကျော်နိုင်စိုး (STC)**

၁။ ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အစိုးရပညာသင်ထောက်ပံ့ရေး အစီအစဉ်များကို ပြည်ညောင်နှင့်သာစည်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပါသည်။

**မေးခွန်း (၈) သာစည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

၁။ STC အနေဖြင့် သာစည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ညောင်ကျေးရွာသို့ လှူဒါန်းမည့် လမ်းခင်းရန် အတွက်လိုအပ်မည့် ဘိလပ်မြေများကို လျှော့ဈေးဖြင့် ရောင်းချနိုင်ပါသလား။

၂။ STC အနေဖြင့် အခွန်ပေးဆောင်မှုနှင့်ပတ်သက်သော အချက်အလက်များ ပြောပြပေးနိုင်မလား။

**အဖြေ (၈) - ဦးကျော်နိုင်စိုး (STC)**

၁။ လမ်းခင်းခြင်းနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ဆွေးနွေးပါမည်။

၂။ STC အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်ခွန် (၂. ၂) ဘီလီယံကျပ်ပေးဆောင်ခဲ့ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်နှင့်ကုန်သွယ်ခွန် (၉. ၆) ဘီလီယံကျပ် ကျော်ပေးဆောင်ခဲ့ပါသည်။

**မေးခွန်း (၉)**

၁။ ဘိလပ်မြေစက်ရုံမှထွက်သော $CO_2$ ဓာတ်ငွေ့အား လျှော့ချရန်အတွက် လက်ရှိသစ်တောများကို ထိန်းသိမ်းရမည်။

၂။ ကောင်းမွန်လာသောကားလမ်းကြောင့် တရားမဝင်သစ်ခိုးထုတ်မှုမြင့်မားလာနိုင်သည်။ ကာကွယ်တားဆီးရန် အတွက် STC အနေဖြင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

**အဖြေ (၉) - ဦးကျော်နိုင်စိုး (STC)**

၁။ STC အနေဖြင့် သစ်တောဦးစီးဌာန၏ လိုအပ်ချက်နှင့်အညီ အစားထိုးသစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်တောထိန်းသိမ်းမှုပြုပါသည်။ အစားထိုးသစ်ပင်စိုက်ပျိုးမှု အောင်မြင်ရန် သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လိုစိတ်ရှိပါသည်။

၂။ ကျေးဇူးပြု၍ လက်ရှိသစ်တောပြုန်းတီးမှုအပေါ် ဆောင်ရွက်သင့်သည်များကို လူကြီးမင်း၏ အမြင်အရ မျှဝေပေးစေလိုပါသည်။

**Photo:**







